# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

September 30 , 2022 | Volume 58, Number 22


**၃၀.၉.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၆၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၅၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၅၆.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၆၅.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၄၂.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၄.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၅၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၈၂၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၂၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၂.၈၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၅.၆၅၁ ကျပ် |

Source: CBM Rate, etrademyanmar.com

## ကြက်သွန်နီဈေးနှုန်း ဆက်လက်ကျဆင်း




ဘုရင့်နောင်ကုန်စည်ဒိုင်အတွင်း ကြက်သွန်နီ အဝင်များနေတဲ့အတွက်ကြောင့် ဈေးနှုန်းဆက်လက်ကျဆင်းနေတယ်လို့ သိရပါတယ်။ ကြက်သွန်နီဈေးနှုန်းတွေဟာ စက်တင်ဘာလလယ်အထိ ဈေးနှုန်းမြင့်တက်ခဲ့ပေမယ့် ပြီးခဲ့တဲ့အပတ်မှာ ပြန်လည်ကျဆင်းခဲ့တာဖြစ်ပါတယ်။

အခုအပတ်မှာလည်း ဈေးနှုန်းတွေဆက်လက်ကျဆင်းနေပါတယ်။ ပြီးခဲ့တဲ့အပတ် စက်တင်ဘာလ ၂၁ရက်နေ့မှာ တစ်ပိဿာကို ၂၈၀၀ ကျပ်ကနေ ၃၂၀၀ကျပ် အကြားရှိခဲ့တဲ့ ဆိပ်ဖြူကြက်သွန်နီအမျိုးအစားက မနေ့က စက်တင်ဘာလ ၂၈ ရက်နေ့မှာ တစ်ပိဿာကို ၂၄၀၀ ကျပ်ကနေ ၂၃၅၀ ကျပ်အထိ ပြန်လည်ကျဆင်းခဲ့ပါတယ်။ လက်တလောမှာ ကြက်သွန်ဖြူတွေကတော့ ဈေးငြိမ်နေပါတယ်။

အောင်ပန်းကြက်သွန်ဖြူ အမျိုးအစားက ပြီးခဲ့တဲ့အပတ်မှာ တစ်ပိဿာကို ကျပ် ၄၀၀၀ ကနေ ၂၈၀၀ ကျပ်အကြားရှိခဲ့ပြီး ဒီအပတ်မှာလည်း တစ်ပိဿာကို ၃၉၀၀ ကျပ်ကနေ ၂၈၀၀ ကျပ်အကြားရှိပါတယ်။ ကြူကုတ်ကြက်သွန်ဖြူက ပြီးခဲ့တဲ့ အပတ်မှာ တစ်ပိဿာကို ကျပ်၄၀၀၀ရှိခဲ့ပေမယ့် ဒီအပတ်မှာ တစ်ပိဿာကို ၃၈၀၀၊ ၃၈၅၀ ကျပ်ကို ကျလာတယ်လို့ သိရပါတယ်။

**ဤဆောင်းပါးကို Bloomberg Myanmar မှကူးယူဖော်ပြပါသည်။**

**Source:**[https://t.me/htwettoe](https://t.me/htwettoe)

## စက်တင်ဘာ ၂၈ တွင် သီလဝါဆိပ်ကမ်းသို့ ဓာတ်ဆီနှင့်ဒီဇယ် စုစုပေါင်းဂါလံ ရှစ်သန်းကျော် ထပ်မံရောက်ရှိ၍ ပြည်တွင်း၌ စက်သုံးဆီလက်ကျန်အခြေအနေအရ စက်သုံးဆီဖူလုံမှုရှိကြောင်းထုတ်ပြန်



https://news-eleven.com/article/238114

စက်တင်ဘာ ၂၈ တွင် သီလဝါ ဆိပ်ကမ်းသို့ ဓာတ်ဆီနှင့်ဒီဇယ်စုစုပေါင်း ဂါလံရှစ်သန်းကျော် ထပ်မံရောက်ရှိ၍ ပြည်တွင်း၌ စက်သုံးဆီလက်ကျန် အခြေအနေအရ စက်သုံးဆီ ဖူလုံမှုရှိကြောင်း စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ထုတ်ပြန်ထားသည်။


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

စက်တင်ဘာ ၂၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ သီလဝါဆိပ်ကမ်းရှိ Terminal တွင် MT Synergy သင်္ဘောမှ ဆီချလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အဆိုပါသင်္ဘောတွင် ဓာတ်ဆီ 92 Ron ဂါလံ ၂ ဒသမ ၄၅ သန်းနှင့် ပရီမီယံဒီဇယ် ဂါလန် ၆ ဒသမ ၁၄ သန်းပါရှိပြီး ဓာတ်ဆီနှင့်ဒီဇယ် စုစုပေါင်း ဂါလံ ၈ ဒသမ ၅၉ သန်းကို ဆီချလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်သည်။

စက်တင်ဘာ ၂၅ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းသို့ ဓာတ်ဆီနှင့်ဒီဇယ် စုစုပေါင်းဂါလံ ခြောက်သန်းကျော်ကို ဆီချလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ထုတ်ပြန်ထားသည်။

စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စက်သုံးဆီအမျိုးအစားအလိုက် ဖူလုံမှုရှိစေရေး စိစစ်တင်သွင်းဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၅ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းရှိ Terminal များတွင် MT Yu Yi သင်္ဘောသည် ရိုးရိုးဒီဇယ် ဂါလံ ၁ ဒသမ ၈၆ သန်းနှင့် ပရီမီယံဒီဇယ် ဂါလံ ၂ ဒသမ ၁၇ သန်း စုစုပေါင်းဒီဇယ်  ဂါလံ ၄ ဒသမ ၀၃ သန်းကို ဆီချလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ MT Harmony One သင်္ဘောသည် ဓာတ်ဆီ 92 Ron ဂါလံ ၂ ဒသမ ၁၃ သန်းကို ဆီချလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဒီဇယ်နှင့်ဓာတ်ဆီ စုစုပေါင်းဂါလံ ၆ ဒသမ ၁၆ သန်းအထိ ဆီချလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ပြည်တွင်း၌ စက်သုံးဆီလက်ကျန် အခြေအနေအရ စက်သုံးဆီဖူလုံမှုရှိကြောင်း စက်သုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ထုတ်ပြန်ထားသည်။

လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် နေ့စဉ်စက်သုံးဆီ ရည်ညွှန်းဈေးနှုန်းများကို ထုတ်ပြန်ပေးလျက်ရှိရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေလဲနှုန်းကိုပံ့သေထား၍ စင်ကာပူနိုင်ငံမှနေ့စဉ်ထုတ်ပြန်သော MOPS ဈေးနှုန်း၊ Premium၊ အလျော့တွက်၊ အမြတ်ရာခိုင်နှုန်း၊ သယ်ယူစရိတ် (Transport Charges) တို့ကိုအခြေခံကာ တွက်ချက်ထုတ်ပြန်ပေးခြင်းဖြစ်သည်။

လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းနှင့်ပူးပေါင်း၍ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များ၏ မြို့နယ်များအလိုက် စက်သုံးဆီလိုအပ်ချက်များအတွက် စက်သုံးဆီလက်ကျန် အပေါ်မူတည်၍ ခွဲဝေဖြန့်ဖြူးပေးလျက်ရှိသည်။

သို့ရာတွင် အချို့သောမြို့နယ်များသို့ စက်သုံးဆီဖြန့်ဖြူးရေးဆောင်ရွက်ရာတွင် စက်သုံးဆီတင် ဘောက်ဆာ (Bowser) များနှင့် ဆီတွဲရေယာဉ်(Barge)များကို လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များက တိုက်ခိုက်လုယက်မှုများ ပြုလုပ်လျက်ရှိသဖြင့် သက်ဆိုင်ရာ စက်သုံးဆီအရောင်းဆိုင်များသို့ စက်သုံးဆီများ အချိန်မီမရောက်ရှိဘဲ နှောင့်နှေးလျက်ရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**Source:** https://news-eleven.com/article/238114

## ပြည်တွင်းသကြား ပြည်ပမှဝယ်ယူရန် ကမ်းလှမ်း



https://www.foodindustrydirectory.com.mm

မြန်မာနိုင်ငံတွင် စိုက်ပျိုးထွက်ရှိသည့် သကြားအမျိုးမျိုးကို တရုတ် အထွေထွေပစ္စည်းရောင်းဝယ်ရေးကုမ္ပဏီတစ်ခုက ဝယ်ယူရန် ဖိတ်ခေါ်ကမ်းလှမ်းမှု ရရှိထားကြောင်းသိရသည်။

အဆိုပါကမ်းလှမ်းမှုကို ဟဲပေပြည်နယ်အခြေစိုက် တရုတ်ကုမ္ပဏီက ကမ်းလှမ်းထားခြင်းဖြစ်ပြီး ဝယ်ယူလိုသည့် အမျိုးအစားများတွင် သန့်စင်ပြီးသားဖြစ်သည့် သကြား၊ သကြားရည်၊ သကြားဖြူ၊ သကြားညိုစသည့် အမျိုးအစားများ ပါဝင်ကြောင်း သိရသည်။ ယင်းကုမ္ပဏီအနေဖြင့် နှစ်စဉ်သကြားတန်ချိန် သုံးသောင်းမှငါးသောင်းအထိ ဝယ်ယူလိုပြီး လစဉ်တန်ချိန် သုံးထောင်ခန့် ဝယ်ယူတင်သွင်းရန် ကမ်းလှမ်းထားကာ နှစ်ဘက်ဈေးနှုန်းသတ်မှတ်ချက် ညှိနှိုင်းမှုအဆင်ပြေပါက တင်ပို့ရောင်းချခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် တရုတ်ကပေးအပ်သည့် တရားဝင်သကြားတင်ပို့မှု ခွဲတမ်းကို ပိုမိုလိုအပ်ပြီး လာအိုနှင့် ကမ္ဘောဒီးယားတို့ ခွဲတမ်းရသကဲ့သို့ မြန်မာကိုလည်း ပေးအပ်ရန် နှစ်နိုင်ငံအစိုးရအကြား G to G သဘောတူစာချုပ်ချုပ်ဆိုနိုင်ရေးအတွက် တင်ပြတောင်းဆိုထားသည်။ ပြည်တွင်း၌ နှစ်စဉ်သကြားတန်ချိန် ၄၅၀,၀၀၀ ခန့် ထုတ်လုပ်နိုင်စွမ်းရှိကြောင်း သိရသည်။

**Source: MDN**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/5063-offer-to-buy-domestic-sugar-abroad.html

## တရုတ်နိုင်ငံသည် အလုပ်အကိုင်များထိန်းထားရန်အတွက် စီးပွားရေးလုပ်ငန်းများအား အမေရိကန်ဒေါ်လာ ၉ ဘီလီယံခန့် ပေးအပ်ရန်စီစဉ်

တရုတ်နိုင်ငံသည် ယခုနှစ် ၂၀၂၂ နှစ်တွင် စီးပွားရေးလုပ်ငန်းများအတွက် ယွမ်ငွေ ၆၄.၆၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၉.၁၉ ဘီလီယံ) ကို ပေးအပ်ရန် ကမ်းလှမ်းထားပြီး ယခုနှစ်တွင် အလုပ်လက်မဲ့ဖြစ်မှုမှ သက်သာစေရန် ကြိုးပမ်းမှုများ အရှိန်မြှင့် လုပ်ဆောင်လျက်ရှိကြောင်း၊ အလုပ်လက်မဲ့ အာမခံပြန်အမ်းငွေ စုစုပေါင်း ယွမ် ၄၄.၈၄ ဘီလီယံကို လုပ်ငန်းပေါင်း ၇.၂၁ သန်း (သို့မဟုတ်) လူမှုဖူလုံရေးကွန်ယက် social security net အစီအစဉ်တွင် အကျုံးဝင်သည့် အလုပ်ရှင်အားလုံး၏ ထက်ဝက်ကျော်ကို ယခုနှစ် ပထမရှစ်လအတွင်း ပေးအပ်ခဲ့ကြောင်း လူ့စွမ်းအားအရင်းအမြစ်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ သိရှိရသည်။

၂၀၂၁ ခုနှစ် တစ်ခုလုံးအတွက် ငွေကြေးပမာဏနှင့် အကျိုးခံစားခွင့်ရှိသူ အရေအတွက်သည် ၁.၉ နှင့် ၁.၈ ဆ အသီးသီး ရှိကြောင်း၊ တစ်ကြိမ်တည်းထောက်ပံ့မှုတွင် ယွမ် ၁၉.၆၈ ဘီလီယံခန့်ကို COVID-19 ဖြစ်ပွားမှုဒဏ် ခံရသောဒေသများရှိ ကုမ္ပဏီပေါင်း ၃.၉၆ သန်းနှင့် အစားအသောက်ကဏ္ဍအပါအဝင် COVID-19 ဖြစ်ပွားမှုဒဏ် အပြင်းထန်ဆုံးခံစားရသော စက်မှုလုပ်ငန်းငါးခုတွင် ပေးအပ်ခဲ့ကြောင်း၊ ကောလိပ်နှင့် တက္ကသိုလ်ဘွဲ့ရများအား အလုပ်အကိုင်ရှာဖွေရာတွင် ကူညီပေးရန်အတွက် အစိုးရက ကုမ္ပဏီပေါင်း ၃၃,၀၀၀ အတွက် စုစုပေါင်းထောက်ပံ့ငွေ ယွမ် သန်း ၁၁၀ ကို ပေးအပ်ခဲ့ပြီး ဘွဲ့ရ ၁၀၃,၀၀၀ ခန့်ကို အကျိုးပြုခဲ့ပါသည်။

တရုတ်နိုင်ငံ၏ သန်း ၁၆၀ ထက်ပိုသော ဈေးကွက်အဖွဲ့အစည်းများသည် စီးပွားရေး၏ အုတ်မြစ်ဖြစ်ပြီး အလုပ်အကိုင်ပေါင်း သန်း ၆၀၀ ကိုပေးနေရာ အလုပ်အကိုင် တည်ငြိမ်မှုအတွက် အရေးကြီးကြောင်း၊ အလုပ်အကိုင်ရရှိရေး ထောက်ပံ့ပေးသော ရန်ပုံငွေများသည် အလုပ်ရှင်များအား အလုပ်အကိုင်များ ထိန်းသိမ်းရန်၊ စီးပွားရေးယုံကြည်မှုမြှင့်တင်ရန်နှင့် စီးပွားရေး တည်ငြိမ်စေရန် တွန်းအားပေးလိမ့်မည်ဖြစ်ကြောင်း Capital University of Economics and Business မှ Zhang Chenggang ၏ ပြောကြားချက်အရ သိရသည်။

**(မြန်မာစီးပွားရေးသံမှူး၊ကူမင်းမြို့)**

**Source: yunnangateway.com/html/2022/editorspick_0927/25895.html**

https://myantrade.gov.mm/article/%E1%80%90%E1%80%9B%E1%80%AF%E1%80%90%E1

## မြန်မာ-တရုတ်နယ်စပ် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးစခန်းမှ ပြည်ပသို့နေ့စဉ် ဆန်နှင့်ဆန်ကွဲအိတ်ရေ ၂၅၀၀၀ တင်ပို့လျက်ရှိ

မြန်မာ-တရုတ်နယ်စပ် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးစခန်းမှ ပြည်ပသို့နေ့စဉ် ဆန်နှင့်ဆန်ကွဲအိတ်ရေ ၂၅၀၀၀ တင်ပို့လျက်ရှိကြောင်း မြန်မာ-တရုတ်နယ်စပ် ကုန်သည်ကြီးများအသင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) အလုပ်အမှုဆောင် ဦးဇော်သန်းထွန်းက ပြောပြ၍သိရသည်။

ယခုနှစ် စက်တင်ဘာလ နောက်ဆုံးပတ်အတွင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးစခန်းမှ ပြည်ပသို့ နေ့စဉ်ဆန်နှင့်ဆန်ကွဲအိတ်ရေ ၂၅၀၀၀ တင်ပို့နေကြောင်း၊ ထိုသို့တင်ပို့ရာတွင် ဆန်ကွဲကို

အဓိကထားတင်ပို့လျက်ရှိကာ ကီလို ၅ဝ ပါရှိသည့် ဆန်အိတ်ရေ ၁ဝဝဝ ပါ တွဲကားသုံးစီးနှင့် ဆန်ကွဲအိတ်ရေ ၁ဝဝဝ ပါ တွဲကား ၂၂ စီး တင်ပို့နေခြင်းဖြစ်ကြောင်းသိရသည်။

"ပြည်ပကို ဆန်နှင့်ဆန်ကွဲတင်ပို့မှုအနေနဲ့ နေ့စဉ်အိတ်ရေ ၂၅ဝဝဝ တင်ပို့နေရပါတယ်။ ဆန်ကွဲကို အဓိကထား တင်ပို့နေပါတယ်။ တွဲကားတစ်စီးကို ကီလို ၅ဝ ပါရှိတဲ့ ဆန်အိတ်ရေ ၁ဝဝဝ ပါ တွဲကားသုံးစီးနဲ့ ဆန်ကွဲအိတ်ရေ ၁ဝဝဝ ပါ တွဲကား ၂၂ စီး နေ့စဉ်တင်ပို့နေရတာဖြစ်ပါတယ်။ လက်ရှိ ဆန်နဲ့ဆန်ကွဲတင်ပို့ရာမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးတို့က ဆန်နဲ့ဆန်ကွဲတွေကို တင်ပို့နေတာဖြစ်ပါတယ်။ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ် တွေကထွက်ရှိတဲ့ လယ်ယာထွက်သီးနှံအပါအဝင် သစ်သီးဝလံတွေလည်း ပုံမှန်တင်ပို့နေရပါတယ်" ဟု မြန်မာ-တရုတ် နယ်စပ် ကုန်သည်ကြီးများအသင်း အလုပ်အမှုဆောင် ဦးဇော်သန်းထွန်းကပြောပြသည်။

၂ဝ၂၂-၂ဝ၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာလ ၁၆ ရက်ထိ ငါးလကျော်ကာလအတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်(၁ဝ၅)မိုင် ကုန်သွယ်ရေးစခန်းမှ ပို့ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၂၉ သန်းကျော် ရရှိထားကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ၂ဝ၂၂-၂ဝ၂၃ ဘဏ္ဍာနှစ် စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၂၄ ရက်ထိ နယ်စပ်ကုန်သွယ်မှုဖြင့် ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၃၆ သန်းရရှိထား

၂ဝ၂၂-၂ဝ၂၃ ဘဏ္ဍာနှစ် စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၂၄ ရက်ထိ ပြည်ပသို့ နယ်စပ်ကုန်သွယ်မှုဖြင့် ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၃၆ သန်းရရှိထားကြောင်း ရခိုင်ပြည်နယ် ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးအောင်အောင်က ပြောပြ၍ သိရသည်။

ထိုသို့ ရေထွက်ကုန်တင်ပို့ထားမှုမှာ စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၂၄ ရက်ထိ ကာလအတွင်းဖြစ်ပြီး ငါးမြစ်ချင်း၊ ငါးစုံကလေးခြောက်၊ ငါးနီတူးခြောက်နှင့် ငါးသိုင်းခေါင်းပွ စသည့်ရေထွက်ပစ္စည်းများ စုစုပေါင်းတင်ပို့မှု တန်ချိန်မှာ ၉၈၆ တန် ရှိခဲ့ကြောင်း၊ ဝင်ငွေအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၃၆ သန်းခန့်ရရှိခဲ့ပြီး ရခိုင်ပြည်နယ် စစ်တွေနယ်စပ် ကုန်သွယ်ရေးစခန်း တစ်ခုတည်းမှ ပြည်ပသို့တင်ပို့ထားခြင်းဖြစ်ကြောင်းသိရသည်။

"ပြည်ပကုန်သွယ်မှု အခြေအနေက ရေထွက်ကုန်တင်ပို့နိုင်မှုကနေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၃၆ သန်း ဖြစ်ပါ တယ်။ စစ်တွေဘက်က တင်သွင်းတာဖြစ်ပါတယ်။ ကုန်ချိန်အားဖြင့်တော့ ၉၈၆ တန်ဖြစ်ပါတယ်။ လက်ရှိကာလ အတွင်းမှာ စစ်တွေကနေ မောင်တောကို ကုန်ပစ္စည်းတင်ပို့ဖို့ လမ်းပန်းဆက်သွယ်ရေးနဲ့ ရာသီဥတုမကောင်းတာကြောင့် မောင်တော နယ်စပ်ကုန်သွယ်ရေးစခန်းကနေ တင်ပို့နိုင်တာမရှိသေးဘဲ စစ်တွေဘက်ကပဲ အဓိကထားတင်ပို့နေတာဖြစ်ပါတယ်" ဟု ဦးအောင်အောင်ကပြောပြသည်။

ပြည်ပသို့ ရခိုင်ဒေသထွက် ကွမ်းသီး၊ လဲမှို၊ အုန်းဆီ၊ တညင်းသီး၊ ငါးမုတ်၊ ငါးနီတူးခြောက်၊ ငါးစုံကလေးခြောက်၊ ငါးကုန်းညှိခြောက်နှင့် တံမြက်စည်းကြိမ်း စသည့်တို့ကိုတင်ပို့ခဲ့ပြီး မြန်မာနိုင်ငံ၏ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထွက်ရှိထုတ်လုပ်သော ဆီးယို၊ ချင်း(အစို)၊ ကြက်သွန်နီ၊ ကုလားပဲ၊ ဆီးသီးခြောက်၊ မန်ကျည်းစေ့၊ ဖိနပ်၊ ချည်လုံ့ချည်၊ သနပ်ခါးခဲ၊ နေကြာစေ့နှင့် ခေါက်ဆွဲခြောက်တို့ကို ပြည်ပသို့တင်ပို့ခဲ့ကြောင်း ၎င်းကပြောပြ၍သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ယခုဘဏ္ဍာနှစ် စက်တင်ဘာ ၁၆ ရက်ထိ တမူးနယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၅ သန်းရရှိခဲ့

ယခုနှစ်ဘဏ္ဍာနှစ် စက်တင်ဘာ ၁၆ ရက်ထိ တမူးနယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၅ သန်းရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရသိရသည်။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် တမူး၊ ရိဒ်နှင့် ထန်တလန် နယ်စပ်ကုန်သွယ်ရေးစခန်းတို့ကို ဖွင့်လှစ်ထားသော်လည်း တမူးနယ်စပ်ကုန်သွယ်ရေးစခန်း တစ်ခုတည်းကသာ

နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများဆောင်ရွက်နေပြီး တမူးနယ်စပ်ကုန်သွယ်ရေးစခန်းအနေဖြင့် ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၁၆ ရက်ထိ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၉ ဒသမ ၁၂၆ သန်းဖိုးထိ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၈၈ သန်းဖိုးနှင့် သွင်းကုန်အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၃၈ သန်းဖိုး စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၉ ဒသမ ၁၂၆ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါကာလအတွင်း တမူးနယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၅ သန်းဖိုးရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကာလအတွင်း တမူးနယ်စပ်ကုန်သွယ်ရေးစခန်းက ပို့ကုန်ပစ္စည်းများအနေဖြင့် ကွမ်းသီး၊ ငရုတ်ကောင်း၊ မျောက်ငိုသီး၊ ပဲအမျိုးမျိုး၊ ကြက်သွန်ဖြူနှင့် လယ်ယာထွက်ကုန်များကို တင်ပို့ရောင်းချပေးခဲ့ပြီး သွင်းကုန်အနေဖြင့် မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ ချည်ခင်၊ ဂျုံ၊ ဓာတ်မြေဩဇာနှင့် ပလတ်စတစ်ပစ္စည်းများကို ပြန်လည်တင်သွင်းခဲ့ကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## STOCK EXCHANGE (30.9.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 30th Sep. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,600 | +100 | +1.05% | 9,500 | 9,600 | 9,500 | 182 | 1,731,700 | 33,109,694 | 317,853 |
| MTSH | 00002 | 3,600 | +0 | +0.00% | 3,500 | 3,600 | 3,500 | 5,365 | 19,045,450 | 38,929,150 | 140,145 |
| MCB | 00003 | 7,700 | -100 | -1.28% | 7,700 | 7,700 | 7,700 | 51 | 392,700 | 10,400,986 | 80,088 |
| FPB | 00004 | 20,000 | +0 | +0.00% | 20,000 | 20,000 | 20,000 | 3 | 60,000 | 2,472,053 | 49,441 |
| TMH | 00005 | 2,700 | -100 | -3.57% | 2,750 | 2,750 | 2,700 | 140 | 379,000 | 12,823,224 | 34,623 |
| EFR | 00006 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 0 | 0 | 19,977,223 | 54,937 |
| AMATA | 00007 | 5,000 | -200 | -3.85% | 5,200 | 5,200 | 5,000 | 751 | 3,899,800 | 10,497,598 | 52,488 |

### Market summary

As of 30th Sep. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 419.39 | -0.64 | -0.15% | 417.19 | 419.43 | 417.19 | 6,492 | 25,508,650 | 7 | 729,575 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 30th Sep. 2022

| MYANPIX | 419.39 ▼ 0.64 |
|---|---|
| Total Volume (shares) | 6,492 |
| Total Value (MMK) | 26 mil |
| Listed Company | 7 |
| Market Cap. (MMK) | 729,575 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,600 | ▲ 100 |
| MTSH | 00002 | 3,600 | ▲ 0 |
| MCB | 00003 | 7,700 | ▼ 100 |
| FPB | 00004 | 20,000 | ▲ 0 |
| TMH | 00005 | 2,700 | ▼ 100 |
| EFR | 00006 | 2,750 | ▲ 0 |
| AMATA | 00007 | 5,000 | ▼ 200 |

TIR